KHRG
ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

ဓါတ်ပုံသတင်း

စက်တင်ဘာလ ၂ ရက်, ၂၀၁၆ / KHRG စာအမှတ်-16-2-PS1

# တောင်ငူဓါတ်ပုံသတင်း | ထန်းတပင်နှင့် သံတောင်ကြီးမြို့နယ်များတွင် ၂၀၁၃ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ခုနှစ် မတ်လ အထိလုပ်ဆောင်ခဲ့သော စစ်ဘက်ဆိုင်ရာ တိုးချဲ့လုပ်ဆောင်မှုများနှင့် အဓမ္မမြေယာသိမ်းဆည်းမှုများ

## ဓါတ်ပုံသတင်း | ထန်းတပင်မြို့နယ် နှင့် သံတောင်ကြီးမြို့နယ်, တောင်ငူခရိုင် (၂၀၁၃ နိုဝင်ဘာလမှ ၂၀၁၅ မတ်လအထိ)

*အောက်ပါဓါတ်ပုံများသည် လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှလေ့ကျင့်သင်ကြားပေးထားသော ဒေသခံအဖွဲ့ဝင်များဆီသို့ တင်ပြခဲ့သော တောင်ငူခရိုင်ရှိ ဒေသခံကွင်းဆင်းလုပ်သားများမှ ရိုက်ကူးခဲ့သော ပုံများဖြစ်ပါသည်။ ၎င်းတို့အား အောက်တွင်ဖော်ပြထားပြီး လုံခြုံရေးဆိုင်ရာအတွက် အရေးကြီးသည့်နေရာတွင် စီစစ်ဖြတ်တောက် ထားပါသည်။*[1] *အောက်ဖော်ပြပါ ဓါတ်ပုံ ၁၂ ပုံတို့အား အခြားသော ဓါတ်ပုံ ၉၆၈ ပုံအပါအဝင် တောင်ငူခရိုင်မှ သတင်းများနှင့် အတူ ရရှိထားပါသည်။*[2]

[1] လူ့အခွင့်အရေးဖြစ်ပျက်ချိုးဖောက်မှု သတင်းအချက်အလက် တစ်ခုချင်းစီအား လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ရွာသူသားများအား ဖြစ်ရပ်များဆိုင်ရာ အင်တာဗျူးခြင်း နှင့် ၎င်းတို့ရင်းနှီးသော နေရာဒေသများတွင် အထွေထွေနောက်ဆုံးရ သတင်းအခြေအနေများအား ရေးသားတင်ပြနိုင်ရန်အတွက် မြန်မာပြည် အရှေ့ပိုင်းတွင်ရှိသော ဒေသခံ အဖွဲ့ဝင်များအား ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှလေ့ကျင့်သင် ကြားပေးပါသည်။

[2] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော တောင်ငူခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ ဓါတ်ပုံမှတ်တမ်းအား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင် ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူ များထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်း အရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။




*အထက်ပါပုံ ၂ ပုံကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် က… ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင် တွင်ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ ၎င်းပုံ ၂ ပုံမှာ ခ… ကျေးရွာတွင် အခြေစိုက်သော တပ်မတော်စစ်သားများသည် ကိုဒေး တပ်စခန်းသို့ ခရီးသွားနေကြသော ပုံဖြစ်ပါသည်။ ၎င်းတို့အား ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် မြေတူးကား ၂ စီးနှင့် ကိုဒေး တပ်စခန်းသို့ ပို့ဆောင်ခဲ့ပါသည်။ မြေတူးကား ၁ စီးမှာ လမ်းဘေးတွင် ချော်ကျသွားခဲ့ပြီး ပြန်ကုတ်တက်မရ ဖြစ်နေခဲ့ပါသည်။ ထို့ကြောင့် စစ်သားများက ရွာသားများကို အကူအညီ တောင်းပြီး ရွာသားများမှ ဝိုင်းဝန်းဆွဲတင်ပေးခဲ့ကြပါသည်။ တစ်မတော်စစ်သားများသည် က… ကျေးရွာသို့ ရောက်ရှိပြီးနောက် တောင်ငူခရိုင် ဗျူဟာမှူးနှင့်တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ ခရီးစဉ်များ အကြောင်းကို တိုင်ပင်ဆွေးနွေးခဲ့ကြပါသည်။ (ပုံ- KHRG)*





*အထက်ပါပုံများကို ၂၀၁၄ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် လိပ်သိုမြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ တောင်ငူခရိုင် တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ ပုံမှာ တပ်မတော် ခြေမြန်တပ်ရင်း အမှတ် ၆၀၃ မှ သိမ်းယူခဲ့သော မြေနေရာဖြစ်ပါသည်။ ဘယ်ဘက်မှ ဖော်ပြထားသောပုံတွင် ၎င်းမြေနေရာရှိ ကျောက်စာသည် တပ်မတော်မှ အဆိုပါမြေအား ၂၀၁၀ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ အဆိုပါမြေယာသည် ယခင်က ရွာသားများ နေထိုင်ခဲ့ကြပါသည်။ စစ်တပ် ပိုင်မြေအဖြစ် ၎င်းတပ်မြေ ကျောက်စာအမှတ် စိုက်ထူထားခဲ့ပြီးနောက် ရွာသားများ သည် ထိုမြေပေါ်တွင် လုပ်ကိုင်စားသောက်မရဲကြသလို ရွာသားအများအပြား စားဝတ်နေရေးပြဿနာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ လက်ရှိအချိန်တွင် ၎င်းမြေယာသည် စစ်တပ်စခန်းအတွက် အသုံးပြုလျှက်ရှိပါသည်။ (ပုံ- KHRG)*



*အထက်ပါ အပေါ်ဆုံးပုံ ၂ နစ်ပုံမှာ ဖေဖော်ဝါရီလ ၆ ရက် ၂၀၁၅ ခုနှစ်၊ ဂ... ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်တွင် ရိုက်ကူးထားခဲ့ခြင်းဖြစ်ပါသည်။ ပုံတွင် စစ်ကွတ်ကဲရေး အခြေစိုက် (စကခ) အမှတ် ၅ မှ စစ်သားများသည် စကခ အမှတ် ၂၀ နှင့် စစ်တပ်အကူးအပြောင်း ပြုလုပ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ဤပုံများကို စစ်သားများ ကားအစီး ၂၀ဖြင့် ၄င်းတို့ စတပ်စခန်းသို့ စားနပ်ရိက္ခာများ သယ်ပို့ဆောင်ရာတွင် ရွာထဲမှ ဖြတ်ကူးနေစဉ် ရိုက်ကူးထားခဲ့ခြင်းဖြစ်ပါသည်။ အောက်ပုံ ၂ ပုံမှာ ဒီဇင်ဘာလ ၁ ရက် ၂၀၁၄ ခုနှစ်၊ ဂ... ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်တွင် ရိုက်ကူးထားခဲ့ခြင်းဖြစ်ပါသည်။ ပုံမှာ ဃ... ကျေးရွားအနီး စစ်သားများသည် ၄င်းတို့ အရှေ့တန်း တပ်စခန်းသို့ ရိက္ခာများ သယ်ယူပို့ဆောင် နေခြင်းဖြစ်ပါသည်။ အဆိုပါ တပ်မတော် စစ်သားများသည် စကခ အမှတ် ၅ လက်အောက်ခံများ ဖြစ်ကြပါသည်။ ထိုတပ်မတော် စစ်သားများသည် စားနပ်ရိက္ခာများ သယ်ယူပို့ဆောင်နေစဉ် ကရင်လူ့အခွင့်အရေးအဖွဲ့၏ ဒေသခံအဖွဲ့ဝင်မှ သတိပြုမိသည်မှာ လမ်းဘေးတလျှောက်တွင် စစ်သားများနှင့် လုံခြုံရေး ချထားပြီး စစ်ကား အများအပြား ပါရှိသောကြောင့် ၄င်းတို့မှ လက်နက်ကြီးများလည်း သယ်ယူပို့ဆောင်းနိုင်ကြောင်း ဒေသခံများသကာ် မကင်းဖြစ်မိပါသည်။ တစ်ချိန်တည်း မှာပင် ၄င်းတို့သည် လမ်းကိုလည်း ပြုပြင်မွန်းမံရန် တက်လာခဲ့ခြင်း ဖြစ်ပါသည်။ (ပုံ- KHRG)*




*အထက်ပါပုံ ၂ ပုံမှာ ၂၀၁၅ ခုနှစ် မတ်လ ၁ ရက်နေ့၊ ထန်းတပင်မြို့နယ်၊ တောင်ငူခရိုင်တွင် ရှိသော ဂ...၊ င... နှင့် ခ... ကျေးရွာများနှင့် ဆက်သွယ်ထားသော လမ်းပေါ်တွင် ရိုက်ကူးထားခဲ့ခြင်းဖြစ်ပါသည်။ ပုံမှာ (စကခ) အမှတ် ၅ လက်အောက်ခံ တပ်မတော်စစ်သားများ တောင်ငူခရိုင်တွင် လှုပ်ရှားနေသော ပုံဖြစ်ပါ သည်။ ပုံတွင် တပ်မတော်စစ်သားများသည် င... ကျေးရွာမှ လမ်းပြုပြင်ပြီးနောက် ပြန်လာ နေကြခြင်းဖြစ်ပါသည်။ ပုံမှန်အားဖြင့် စစ်သားများသည် ရိက္ခာနှင့် အခြားသော စစ်တပ်ဆိုင်ရာ အထောက်အပံ့များ သယ်ပို့ယူပို့ဆောင်ရာတွင် ဤလမ်းကိုအသုံးပြုကြပါသည်။ ပုံအား ဘူဒိုဇာကားနှင့် အတူ စစ်သား အယောက် ၃၀၀ ဝန်းကျင်ခန့် အပြန်လမ်းတွင် ပြန်လာစဉ် ရိုက်ကူးခဲ့ခြင်း ဖြစ်ပါသည်။*
*(ပုံ- KHRG)*




*အထက်ပါပုံ ၂ ပုံမှာ ၂၀၁၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ရိုက်ကူးထားပြီး ဒေသခံတစ်ဦးမှတင်ပြချက် အရ တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်ရှိ စ... နှင့် ဆ... ကျေးရွာများတွင် လုပ်ကိုင်လျှက်ရှိသော သစ်လုပ်ငန်းခွင်၏ပုံကို ဖော်ပြပါသည်။ အရှေ့တောင်ပိုင်း တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ချုပ်ကြီး ကိုကိုသည် တောင်ငူခရိုင်၊ သံတောင်ကြီးမြို့နယ်ရှိ စ...၊ င... နှင့် န... ကျေးရွာများရှိ ဒေသခံရွာသားများထံမှ မြေများကို မတ်လ ၁၉ ရက် ၂၀၁၅ ခုနှစ်တွင် သိမ်းယူခဲ့ပြီး သံတောင်ပြည်သူ့စစ်အဖွဲ့ကို (အေးချမ်းရေးအဖွဲ့ ဟုလည်းခေါ်ကြသည်) ပေးအပ်ခဲ့ပါသည်။ ၎င်းအဖွဲ့သည် စောပဲကိုမိုးနှင့် ဦးစောကွယ်မူးတို့မှ ဦးဆောင်ပြီး မြန်မာအစိုးရမှ ၎င်း (သံတောင်ပြည်သူ့စစ်) တို့၏ မိသားစုဝင်များ အကျိုးပြုရန်နှင့် လုပ်ကိုင်စားသောက်ရန်အတွက် ဒေသခံရွာသားများထံမှ လျော်ကြေးမပေးဘဲ မြေဧက ၁၃၅၀ ဧကကို သိမ်းယူခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းမြေများကို သံတောင်အေးချမ်းရေးအဖွဲ့ဝင် စစ်သားများအား ၅ ဧကစီ ပေးဝေပြီး ၎င်းအဖွဲ့ အထက်အရာရှိများလည်း အများအပြားပေးဝေခဲ့ပါသည်။ ၎င်းတို့က မြေများကို လက်ခံရရှိပြီးနောက် သံတောင်အေးချမ်းရေးအဖွဲ့သားများသည်*

*မြေများကို မလုပ်ကိုင်စားသောက်ကြဘဲ ငွေကြေးချမ်းသာသူ များထံရောင်းစားခဲ့ကြပြီး အဆိုပါ ငွေကြေးချမ်းသာသူများမှလည်း ၎င်းတို့ဝယ်ယူခဲ့သော မြေယာပမာဏထက် မြေများကို ပိုယူကြပါသည်။ ၎င်းငွေကြေးချမ်းသာသူများသည် အသိမ်းမခံရသော မြေများကိုလည်း သိမ်းယူကာ သစ်ပင်များခုတ်လဲပြီး ပျဉ်ပြား ထုတ်လုပ်ရန်အတွက် သစ်ဖြတ်စက်များနှင့် ထုတ်ခဲ့ကြပါသည်။ ထိုသို့ သစ်ပင်များခုတ်လဲရာတွင် ဒေသခံများ၏ သစ်ပင်များကိုလည်း ခုန်လဲခဲ့ကြပြီး ဒေသခံများက သံတောင်အေးချမ်းရေးအဖွဲ့နှင့် သံတောင်ငြိမ်းချမ်းရေးအဖွဲ့များထံသို့ တင်ပြသော်လည်း ၎င်းတို့က ပြဿနာကို မရှင်းလင်းပေးသည့်အပြင် ရွာသားများကို အော်လွှတ်ခဲ့သဖြင့် ရွာသားများက မကျေမနပ်ဖြစ်ခဲ့ကြပါသည်။ (ပုံ- KHRG)*